**Digital Money Myanmar Ltd.**
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ငွေထုတ်ယူနိုင်သည့်ပမာဏအား ပြောင်းလဲသတ်မှတ်ခြင်းဆိုင်ရာ ထုတ်ပြန်ချက်

**ရန်ကုန် - မြန်မာ၊ မတ်လ (၅) ရက်၊ ၂၀၂၁ ခုနှစ်။** ။မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီညွှန်ကြားချက်အရ ၂၀၂၁ခုနှစ်၊ မတ်လ ၇ ရက်နေ့မှစတင်၍ မိမိတို့၏ WavePay အကောင့်ထဲမှ တစ်ရက်လျှင် အများဆုံး ငွေထုတ်ယူနိုင်မည့် ငွေပမာဏမှာ ကျပ်(၃)သိန်း အထိ ဖြစ်ပြီး မိမိတို့၏ WavePay အကောင့်နှင့် ချိတ်ဆက်ထားသော ရိုးမဘဏ်SMARTအကောင့်သို့ တစ်ရက်လျှင် ငွေလွှဲနိုင်မည့်ပမာဏကိုလည်း ကျပ်(၃)သိန်းအထိ ပြောင်းလဲသတ်မှတ်ထားကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ဤပြောင်းလဲသတ်မှတ်ချက်များသည် WavePay အကောင့် Level 2 နှင့် Level 3 အသုံးပြုသူများသာ အကျုံးဝင်သည်။

သို့သော် WavePay အသုံးပြုသူများအနေဖြင့် ဒီဂျစ်တယ်ငွေပေးချေခြင်းများကို ပမာဏအကန့်အသတ်မရှိ ပြုလုပ်နိုင်ပြီး WavePay အကောင့်တစ်ခုမှတစ်ခုသို့ ငွေကြေးပမာဏ အကန့်အသတ်မရှိ လွှဲပြောင်းနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အရ မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုများအတွက် တစ်ရက်တာထုတ်ယူနိုင်သည့် ပမာဏပြောင်းလဲသတ်မှတ်ခြင်းနှင့် တစ်လအတွင်းအများဆုံးလွှဲပြောင်းနိုင်သည့် ပမာဏကန့်သတ်ချက်အား ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်ရခြင်းမှာ ငွေသားကိုင်တွယ်သုံးစွဲမှုကိုလျှော့ချရန် နှင့် ဒီဂျစ်တယ်ငွေပေးချေမှုကို အရှိန်ဟုန်မြှင့်တင်နိုင်ရန် ရည်ရွယ်ကြောင်း သိရှိရပါသည်။

Wave Money ၏ ကတိကဝတ်ဖြစ်သော အမြင့်မားဆုံးသော ဝန်ဆောင်မှုများပေးဆောင်နိုင်ရေးနှင့်အတူ နိုင်ငံတစ်ဝန်းရှိ ကိုယ်စားလှယ်ကွန်ရက်များမှတစ်ဆင့် ယုံကြည်စိတ်ချရပြီး လွယ်ကူလျင်မြန်သော မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုများကို အစဉ်အမြဲပေးစွမ်းသွားမည်ဖြစ်သည်။

Wave Money ဝန်ဆောင်မှုများဆိုင်ရာ နောက်ဆုံးရသတင်းအချက်အလက်များကို အများပြည်သူများ အချိန်နှင့်တစ်ပြေးညီသိရှိစေရန် Wave Money ၏ website စာမျက်နှာ https://wavemoney.com.mm/၊ WavePay အက်ပလီကေးရှင်းနှင့် Call Center တို့မှတစ်ဆင့် အသိပေးကြောင်းကြားပေးသွားပါမည်။

Wave Money ၏ သုံးစွဲသူများအားလုံးကို လေးစားလျက်
Wave Money